# Reviews & Rankings

## ကြိုးမပါစရိတ်သက်သာတဲ့ landline phone အပြောင်းအလဲ

**NetTalk Duo၊ Ooma Telo နဲ့ YMax MagicJack တို့လို smart ဖြစ်တဲ့ အပြောင်းအလဲတွေဟာ ပုံမှန် landline service မှာ စရိတ်သက်သာတဲ့ full featured phone service ကို ပေးထားပါတယ်။**

Home telephone တွေဟာ လိုတာထက်ပိုပြီး ပေါများလာပါတယ်။ အိမ်ရှင် ၅ ယောက်ထဲက တစ်ယောက်က cell phone တွေကို ပိုနှစ်သက်ပြီး သူတို့ရဲ့ landline တွေကို စွန့်ပစ်ခဲ့ကြပါတယ်။

ဒီလိုလုပ်ဖို့တော့ အဆင်သင့်မဖြစ်သေးပါဘူး။ အိမ် phone တွေကအဆင်မပြေဖြစ်တဲ့ အကြောင်းကတော့ cell phone တွေလို ရွှေ့ပြောင်းလို့မရတာပဲ ဖြစ်ပါတယ်။

အိမ်မှာ home phone service မျိုးကို လိုချင်ရင် အဲဒီအတွက် လစဉ်ကြေးကို ပေးဆောင်ရပါတယ်။ တိုးတက်လာတဲ့ ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေက ကျေးဇူးတင်စရာ ကောင်းပါတယ်။ အခုဆိုရင် ပုံမှန် Landline ရဲ့ ဈေးနှုန်းထက်နည်းဖို့၊ ဒါမှမဟုတ် Vonage လို internet phone service တွေအတွက် ဆွေးနွေးနိုင်ပြီဖြစ်ပါတယ်။




Ooma၊ NetTalk နဲ့ YMax တို့ရဲ့ landline phone ကိုအစားထိုးဖို့အတွက် hardware အသစ်များ

### YMax MagicJack

ဒီ zippo မီးခြစ်လောက်ပဲအရွယ်ရှိတဲ့ ပစ္စည်းလေးဟာ hardware ပိုင်း ၊ unlimited long distance နဲ့ local call တွေ တစ်နှစ်စာအပါအဝင် ဒေါ်လာ ၄၀ လောက် ကုန်ကျပါတယ်။ Service cost က တစ်နှစ်ကို ဒေါ်လာ ၂၀ ရှိပါတယ်။

ဒီ service မှာ voice mail၊ call waiting၊ caller ID နဲ့ free call ပေါင်း ၄၁၁ ထိ ပါဝင်ပါတယ်။ Voice mail message ရဖို့၊ ဒါမှမဟုတ် audio attachments အဖြစ်နဲ့ email ကနေ အလိုအလျောက် deliver လုပ်တဲ့ service တွေရဖို့ ခေါ်ဆိုမှုတွေ ပြုနိုင်ပါတယ်။

Portability အပိုင်းဟာ MagicJack ရဲ့ အကောင်းဆုံး အပိုင်းဖြစ်ပါတယ်။ ဘယ် compuer မဆိုနဲ့ plug ထိုးထားနိုင်ပြီး broadband connection ရှိနေသ၍ (3G modem ကတစ်ဆင့်) dial tone ရနိုင်ပါတယ်။ ဒီ device မှာ PC ရဲ့ USB port တွေ ပါဝင်ပြီး phone call တွေ ခေါ်ဆိုချင်တယ်၊

လက်ခံချင်တယ်ဆိုရင် computer ကလည်း on နေရပါမယ်။ Full time home phone ရှာနေတဲ့ လူအတွက် idel မဖြစ်ရပါဘူး။

MagicJack က ကောင်းကောင်း စွမ်းဆောင်နိုင်ပါတယ်။ Router မှာ ဆက်သွယ်ထားတဲ့ desktop ထဲကို plug in လုပ်တဲ့အခါမှာ အဝင် call နဲ့ အထွက် call တွေဟာ တညီတညွတ်တည်း အသံကျယ်ပြီး ရှင်းလင်းပြတ်သားပါတယ်။ ဒါပေမဲ့ 802.11 G Wi-Fi က တစ်ဆင့် link လုပ်ထားတဲ့ netbook ကို မှီခိုနေရတဲ့အခါမှာ တခြား call တွေ ပြတ်ကျကုန်ပါတယ်။

တစ်ခုပဲပါဝင်တဲ့ support option ကတော့ online chat ဖြစ်ပါတယ်။ YMax ရဲ့ သတင်းအချက်အလက် site ပေါ်မှာ ရှာဖွေနိုင်တယ်လို့ ယူဆထားတာဖြစ်ပါတယ်။ ဒီလိုလုပ်ကြည့်တဲ့အခါမှာ မေးခွန်းတွေကို သေချာဖြေကြားထားတဲ့ အကူအညီတွေနဲ့ online tech ကို ချိတ်ဆက်နိုင်ခဲ့ပါတယ်။ Phone က customer service ဌာနမရှိလို့ ခဏရပ်သွားစေပါတယ်။ MagicJack ကို ကိုယ့်ဘာသာ test လုပ်ပါ။ ဘာမှမဖြစ်ဘူးဆိုရင် home phone မလိုတဲ့ ၊ bill တွေ များများဆောင်စရာမလိုတဲ့၊ ကလေးတွေလည်းသုံးနိုင်တဲ့ second line တစ်ခုရပါလိမ့်မယ်။

## NetTalk Duo

NetTalk Duo ဟာ PC နဲ့ router ကို plug လုပ်ရတာကလွဲရင် MagicJack နဲ့ တူတူပါပဲ။ Vonage တွေပေးတာနဲ့တူတဲ့ phone service experience ကို ပေးထားပါတယ်။ ဒေါ်လာ ၇၀ ကျော်ကုန်ကျပြီး နှစ်စဉ်ကြေးဒေါ်လာ ၃၀ ပေးဆောင်ရပါတယ်။

Duo ကို PC နဲ့ တွဲသုံးမယ်ဆိုရင် USB driver တစ်ခုကို download လုပ်ပြီး install လုပ်ရပါမယ်။ MagicJack ကတော့ memory ထဲမှာ software ကို သိမ်းထားပါတယ်။ 64 bit version driver ဟာ beta အဆင့်မှာရှိနေပြီး Windows 7 system မှာ install လုပ်တဲ့အခါ warning message တွေ




YMax ရဲ့ MagicJack က ဗိုက်ဆံနည်းနည်းနဲ့ ပြည့်ဝယုံကြည်နိုင်တဲ့ phone service ကို ပေးနိုင်ပါတယ်




NetTalk ရဲ့ Duo ကို router မှာ plug တပ်ပြီးသုံးတာက line phone လိုအရည်အသွေး အပြည့်ရပါတယ်။ (တစ်နှစ် service အပါအဝင် ဒေါ်လာ ၇၀။)

တော်တော်များများထွက်လာပါတယ်။ MagicJack နဲ့မတူတာကတော့ MagicJack ဟာ USB port ထဲကို တိုက်ရိုက် plug လုပ်တာဖြစ်ပြီး Duo မှာတော့ cable လိုအပ်ပါတယ်။ Number selection process မှာ NetTalk ဟာ area code နဲ့ city ၂ ခု စလုံးကို ရွေးချယ်ခွင့် ပေးထားပါတယ်။ Ooma Telo ၊ MagicJack တို့နဲ့မတူတာကတော့ နောက်ဆုံး ဂဏန်း ၄ လုံးကို ရွေးချယ်ခွင့်မရဘဲ assign လုပ်ထားပါတယ်။

တခြားတစ်ဖက်မှာလည်း Duo ဟာ ပြိုင်ဘက်တွေထက်ပိုပြီး calling feature တွေ ပေးထားပါတယ်။ Caller ID၊ call waiting နဲ့ voice mail တို့အပြင် audio attachment အဖြစ် email ကတစ်ဆင့်ပို့တဲ့ voice mail ၊ free 411 call၊ three way calling နဲ့ Google vocie style call forwarding စတာတွေရနိုင်ပါတယ်။ Duo number ကနေ mobile phone ၊ work phone နဲ့ တခြားခေါ်ချင်တဲ့နံပါတ်ဆီကို ခေါ်ဆိုနိုင်ပါတယ်။ Duo ထဲကို ရှိပြီးသားနံပါတ်ကိုတော့ မထည့်နိုင်ပါဘူး။

Router connection စမ်းသပ်ရာမှာ Duo က အမှားမရှိအောင် ဆောင်ရွက်နိုင်ပြီး call တွေဟာ အသံကျယ်ပြီး ရှင်းလင်း ပြတ်သားပါတယ်။ BitTorrent client နဲ့ heavy duty file sharing လုပ်တာတောင်မှ အဆင်ပြေပြေအလုပ်လုပ်ပါတယ်။ PC connection အနေနဲ့ဆိုရင် dial tone က သံသယဖြစ်စရာပါ။ Line ပေါ်က အခြေအနေတချို့ကို သတိထားမိပါတယ်။ Audio ပိုင်းမှာ NetTalk ဖြေရှင်းနိုင်တဲ့ beta driver ပြဿနာ ဖြစ်ပါတယ်။

NetTalk ရဲ့ toll-free နည်းပညာထောက်ပံ့မှုကို တစ်ပတ်မှာ ၇ ရက်ရနိုင်ပါတယ်၊ ဒါမှမဟုတ် online မှာ လက်မှတ်ကို submit လုပ်ထားနိုင်ပါတယ်။ ဖွင့်ရက်တွေမှာ ဒါကိုလုပ်တဲ့အခါ မိနစ် ၂၀ အတွင်းမှာပဲ human type responce ကို ရခဲ့ပါတယ်။ router ကို တိုက်ရိုက် plug လုပ်နိုင်ခြင်းဟာ NetTalk Duo ကို MagicJack အပေါ်မှာ အသာစီးရသွားစေပါတယ်။ Calling feature တွေ တစ်ပုံတစ်ပင်နဲ့ တခြား support ပေး

ထားတဲ့ option တွေလည်း ပါဝင်ပါတယ်။ လက်ရှိ phone နံပါတ်ကို ဆုံးရှုံးမှာမကြောက်ဘူးဆိုရင် ကိုယ်နဲ့ လိုက်ဖက်အညီဆုံး ဖြစ်နိုင်ပါတယ်။

## Ooma Telo







Ooma က cellphone နဲ့ တွဲသုံးဖို့ အတွက် ဒေါ်လာ ၃၀ တန် bluetooth adapter ကို ပေးထားလို့ mobile phone ခေါ်ဆိုမှုတွေကို landline phone ပေါ်ကနေ ပြုလုပ်လို့ရပါတယ်

Hardware စရိတ် ဒေါ်လာ ၂၅၀ လောက်ကုန်ကျပေမယ့် Ooma Telo က local နဲ့ long distance service တွေအတွက် အမြဲတမ်း free ပေးမယ်လို့ ကတိပေးထားပါတယ်။ Standard package မှာရှိတဲ့ service မှာ caller ID နဲ့ voice mail တို့ထက် အနည်းငယ် service တွေပိုပါပြီး phone service အတွက် ငွေပေးချေမှုတွေမှာ ဆွဲဆောင်မှုလေးတွေရှိပါတယ်။ လစဉ် phone service bill မပေးရဘဲနဲ့ မနေနိုင်ဘူးဆိုရင်တော့ ပိုများတဲ့ calling feature တွေပေးတဲ့ Ooma Premier အတွက် လစဉ် ဒေါ်လာ ၁၀ ပေးဆောင်လို့ရပါတယ်။ Ooma Telo က install လုပ်ရတာ လွယ်ကူပါတယ်။ Router ကို plug လုပ်လိုက်ရုံပဲ ဖြစ်ပါတယ်။ အဲဒီနောက် ကုမ္ပဏီရဲ့ web portal ပေါ်မှာ account တစ်ခုဆောက်ပြီး စသုံးလို့ရပါပြီ။

Uniden cordless phone system အပေါင်းနဲ့ Ooma ရဲ့ Fancy Telo handset (ဒေါ်လာ ၅၀) ကို သုံးပြီးစမ်းသပ်မှုမှာ Ooma ရဲ့ call quality ဟာ Vonage ၊ ဒါမှမဟုတ် google voice ၊ echo free audio တွေထက် ပိုပြီးကောင်းမွန်တာ တွေ့ရပါတယ်။ Service အတွက် Telo handset ရဲ့အကောင်းဆုံး design ကတော့ one button voice mail ထုတ်ပေးနိုင်ပြီး outlook 2007 contact list တွေနဲ့ sync လုပ်ခွင့်ပေးထားပါတယ်။ Ooma ဟာ Vonage နဲ့ တခြား VoIP service တွေမှာ မပါတဲ့ စိတ်ဝင်စားဖွယ်ရာ feature ၂ ခုကို ပေးထားပါတယ်။ တစ်ခုကတော့ cell phone ကို Telo နဲ့တွဲဖက်စေပြီး home phone ကနေဝင်လာတဲ့ mobile call တွေကို ဖြေဆိုနိုင်စေတဲ့ bluetooth adapter (ဒေါ်လာ ၃၀) ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အိမ်တစ်ဝိုက်မှာ call တွေအတွက် bluetooth headset သုံးနိုင်ဖို့ လုပ်ပေးနိုင်တာဖြစ်ပါတယ်။



Ooma ရဲ့ အကောင်းဆုံး landline အစားထိုးမှုဖြစ်တဲ့ Telo ကို free service အပါအဝင် ဒေါ်လာ ၂၅၀ နဲ့ ဝယ်နိုင်ပါတယ်

iPhone တွေအတွက် Skype like Ooma app ဟာ တခြားတစ်ဖက်မှာ caller ID အဖြစ်နဲ့ phone number တွေပေါ်စေပြီး 3G ၊ ဒါမှမဟုတ် WiFi call တွေ ပြုလုပ်နိုင်ပါတယ်။ Ooma user တွေကို ခေါ်တာကလွဲရင် တခြား call တွေအတွက် တစ်မိနစ်ကို 1.9 cent ပေးဆောင်ရတာကတော့ စိတ်မကောင်းစရာပါပဲ။

Ooma Telo ဟာ တခြား service တွေထက် up front စရိတ်တွေပိုများနိုင်ပါတယ်။ ဒါပေမဲ့ premier subscription ကို ကျော်မယ်ဆိုရင်တော့ ကိုယ့်ရဲ့ငွေကြေးတွေကို ရေရှည်မှာ စုဆောင်းနိုင်ဖို့ အာမခံပါတယ်။

## Google Voice

အခမဲ့ရတဲ့ google voice service ဟာ landline phone ကိုအစားထိုးဖို့ စီစဉ်ထားတာမဟုတ်ပါဘူး။ ဒါပေမဲ့ တခြား service တွေထက် စိတ်ဝင်စားစရာစားဖွယ်ရာတွေ စီစဉ်ပေးထားရာမှာ phone နံပါတ်အသစ်ကို အမြဲတမ်းကိုယ့်ရဲ့ primary number အဖြစ်ထားနိုင်တာက အစပဲဖြစ်ပါတယ်။ တစ်စုံတစ်ယောက်က ခေါ်ဆိုမှုတွေလုပ်တဲ့အခါမှာ google voice မှာ ကိုယ့်ရဲ့ home phone ၊ work phone နဲ့ တခြား ဆက်စပ်ထားတဲ့ phone တွေကို ခေါ်ပေးမှာဖြစ်ပါတယ်။

Google vocie ဟာ united state နဲ့ Canada ကို free call တွေ ပေးထားပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ PC ကနေပဲ ဖြစ်ပါတယ်။ Call screening နဲ့ blocking တွေပါဝင်ပြီး သီးခြား caller တွေအတွက်လည်း customized greeting တွေ လုပ်ပေးထားနိုင်ပါသေးတယ်။ Voice mail transcription မှာလည်း message တွေကို ရှာဖွေနိုင်တဲ့စာသားအဖြစ် ပြောင်းလဲသိမ်းဆည်းထားပြီး email ၊ ဒါမှမဟုတ် SMS က တစ်ဆင့် ပေးပို့နိုင်ပါတယ်။ Transcription quality ကတော့ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ Google ရဲ့ ခန့်မှန်းချက်တွေက တစ်ခါတစ်ရံမှာ ရယ်စရာကောင်းလောက်အောင်ကို လွဲချော်နေတတ်ပါတယ်။

နောက်ထပ် စိတ်ဝင်စားစရာကတော့ inbound call တွေ မှတ်ထားတာဖြစ်ပါတယ်။ On screen keypad မှာ 4ကို နှိပ်ထားပြီး recording ကို စလုပ်လို့ရပါတယ်။ Recording ကိုရပ်လိုက်ပြီးတဲ့နောက်မှာ voice mail message အဖြစ်နဲ့ audio file ကို access လုပ်နိုင်ပါတယ်။ Inbound call တွေကို manage လုပ်တဲ့အခါမှာ google voice က ဒုတိယအဆင့်မှာပဲ ရှိပါတယ်။ Email ၊ do not disturb hour ပြုလုပ်ထားခြင်း၊ blog နဲ့ webpage တွေမှာ google voice widget ကို ထည့်သွင်းခြင်း စတာတွေ ပြုလုပ်သလိုပဲ voice mail message တွေကိုလည်း ရှာဖွေနိုင်၊ ဝေမျှနိုင်ပါတယ်။ Click တစ်ချက်နဲ့ caller နဲ့ ကိုယ့်ကိုချိတ်ဆက်ပေးနိုင်ပါတယ်။ ကိုယ့်ရဲ့ google voice account page ကနေ outgoing call တွေ ခေါ်ဆိုနိုင်ပါတယ်။ ကိုယ်ရွေးချယ်လိုက်တဲ့ phone ကို မြည်စေပြီး call တွေ လုပ်ပေးပါတယ်။ ဒီလို call တွေဟာ United States နဲ့ Canada မှာဆိုရင် free ရပြီး တခြား international rate တွေကလည်း ဈေးနှုန်းသက်သာပါတယ်။ ဒါပေမဲ့ တခြားရှိပြီးသား phone service တွေ ရှိဖို့လည်း လိုအပ်ပါတယ်။

အခမဲ့ ဖြစ်တဲ့ google ရဲ့ google voice service နဲ့ phone နံပါတ်တွေ အများကြီးကို လွယ်လွယ်ကူကူ စီစဉ်လို့ရနိုင်ပါတယ်။




ကိုယ့်ရဲ့ email inbox ထဲဝင်လာတဲ့ voicemail message တွေကို ရှာဖွေရလွယ်ကူတဲ့ text message ပုံစံမျိုးနဲ့ google voice ထဲမှာ စီစဉ်လို့ ရပါတယ်

Google talk video နဲ့ voice plug in ကို install လုပ်တယ်ဆိုရင် browser က တစ်ဆင့် call တွေ လုပ်နိုင်၊ လက်ခံနိုင်ပါတယ်။ ဒီလို Skype style နဲ့ ဆိုရင်တော့ headset ၊ web cam ရှိဖို့နဲ့ PC က အဆင်ပြေဖို့ လိုအပ်ပါတယ်။ Computer microphone က တစ်ဆင့်ပြောတဲ့အတိုင်း အသံထွက်တယ်လို့ caller တွေက ပြောဆိုနေကျဖြစ်ပေမယ့်လည်း call quality ကောင်းမွန် တာတွေ့ရပါတယ်။ တချို့ file transfer traffic အကြီးစားတွေလုပ်တဲ့အခါမှာ သိသာတဲ့ audio degradation ဖြစ်တာတွေ တွေ့ရပါတယ်။ ■

# ဘယ် file မဆိုကြည့်နိုင်တဲ့ tool

Quick View Plus II standard ဟာ business user တွေအတွက် ကောင်းမွန်တဲ့ file viewing utility ဖြစ်ပါတယ်။ Word processing document တွေကစလို့၊ database၊ spreadsheet တွေ စတဲ့ file အမျိုးအစားပေါင်းများစွာကို အလွယ်တကူ ကြည့်နိုင်ပါတယ်။




Quick View Plus ဟာ Vista နဲ့ Windows 7 operating environment ၂ ခုကို ပေါင်းထားတာဖြစ်တဲ့အတွက် explorer windows မှာလည်း ဒီ file viewing ability ကို သုံးနိုင်ပါတယ်။ Program ရဲ့ preview pane မှာရှိတဲ့ attached file တွေကို ပြဖို့အတွက် outlook နဲ့လည်း ပေါင်းထားပါတယ်။

Document ထဲကနေ အချက်အလက်တွေကူးပြီး တခြား document ထဲကို သွား paste လုပ်ဖို့အတွက်လည်း ကြည့်နိုင်ပါတယ်။ Quick View ဟာ multimedia file တွေကို handle မလုပ်နိုင်သေးပါဘူး။ ဒါပေမဲ့လည်း အသုံးဝင်တဲ့ tool တစ်ခု ဖြစ်ပါတယ်။ ■

# Top 10 Inkjet Multifunction Printers

LAB TESTED

| MODEL | | | Rating | Performance | Features and specifications | |
|---|---|---|---|---|---|---|
| 1 |  | Canon Pixma MG8120<br>$300 NEW<br>find.pcworld.com/70506 | ★★★★☆<br>VERY GOOD | • Text quality: Very Good<br>• Graphics quality: Very Good<br>• Tested speed (ppm): 8.3 text/ 2.3 graphics | • USB, ethernet, wireless connectivity<br>• Two 150-sheet inputs, automatic duplexing<br>• 9600-by-2400-dpi maximum true color resolution | ▸ A generous feature set and great performance make the Pixma MG8120 MFP a good fit for a home or small office. |
| 2 |  | HP Photosmart Premium Touchsmart Web All-In-One<br>$400<br>find.pcworld.com/63998 | ★★★★☆<br>VERY GOOD | • Text quality: Very Good<br>• Graphics quality: Good<br>• Tested speed (ppm): 7.8 text/ 3.7 graphics | • USB, ethernet, wireless connectivity<br>• 100-sheet input (20 photo), auto duplexing<br>• 9600-by-2400-dpi maximum true color resolution | ▸ Accessing Web apps from a printer is an intriguing idea, but the execution on this unit shows that some work remains to be done. |
| 3 |  | Lexmark Platinum Pro905<br>$399<br>find.pcworld.com/63602 | ★★★★☆<br>VERY GOOD | • Text quality: Very Good<br>• Graphics quality: Good<br>• Tested speed (ppm): 7.0 text/ 2.5 graphics | • USB, ethernet, wireless connectivity<br>• Two 150-sheet inputs, automatic duplexing<br>• 4800-by-1200-dpi maximum true color resolution | ▸ Web capabilities and generous features make the Pro905 worth considering for a small office, but it's average in other respects. |
| 4 |  | Epson Artisan 835<br>$300 NEW<br>find.pcworld.com/70514 | ★★★½☆<br>GOOD | • Text quality: Fair<br>• Graphics quality: Very Good<br>• Tested speed (ppm): 7.3 text/ 3.0 graphics | • USB, ethernet, wireless connectivity<br>• 150-sheet input, automatic duplexing<br>• 4800-by-1200-dpi maximum true color resolution | ▸ Almost everything you could want in a high-end home MFP is here, though text quality in default mode is washed-out and grainy. |
| 5 |  | BEST BUY Canon Pixma MX870<br>$200<br>find.pcworld.com/69542 | ★★★½☆<br>GOOD | • Text quality: Very Good<br>• Graphics quality: Very Good<br>• Tested speed (ppm): 6.2 text/ 1.7 graphics | • USB, ethernet, wireless connectivity<br>• Two 150-sheet inputs, automatic duplexing<br>• 9600-by-2400-dpi maximum true color resolution | ▸ This MFP offers excellent output, good performance, and low ink costs, making it well suited for a small office or a busy family. |
| 6 |  | Lexmark Pinnacle Pro901<br>$300<br>find.pcworld.com/70031 | ★★★½☆<br>GOOD | • Text quality: Very Good<br>• Graphics quality: Good<br>• Tested speed (ppm): 6.3 text/ 1.8 graphics | • USB, ethernet, wireless connectivity<br>• 150-sheet input, automatic duplexing<br>• 4800-by-1200-dpi maximum true color resolution | ▸ You pay more for the machine but less for its ink, a fair trade-off—especially considering the plentiful features it offers. |
| 7 |  | Canon Pixma MG5220<br>$150<br>find.pcworld.com/70444 | ★★★½☆<br>GOOD | • Text quality: Good<br>• Graphics quality: Very Good<br>• Tested speed (ppm): 7.8 text/ 2.3 graphics | • USB, ethernet, wireless connectivity<br>• 100-sheet input, manual duplexing<br>• 5760-by-1440-dpi maximum true color resolution | ▸ The sleekly designed Pixma MG5220 provides good speed and print quality, and its replacement ink costs are reasonable. |
| 8 |  | Kodak ESP 7250<br>$200 NEW<br>find.pcworld.com/70030 | ★★★☆☆<br>GOOD | • Text quality: Very Good<br>• Graphics quality: Fair<br>• Tested speed (ppm): 4.6 text/ 1.8 graphics | • USB, ethernet, wireless connectivity<br>• 120-sheet input (20 photo), auto duplexing<br>• 5760-by-1440-dpi maximum true color resolution | ▸ Kodak continues to shine on photo prints and low ink costs; the ESP 7250's plain-paper output, however, is a bit light. |
| 9 |  | Epson WorkForce 520<br>$130<br>find.pcworld.com/70360 | ★★★☆☆<br>GOOD | • Text quality: Fair<br>• Graphics quality: Good<br>• Tested speed (ppm): 12.6 text/ 1.6 graphics | • USB, ethernet, wireless connectivity<br>• 100-sheet input (40 photo), auto duplexing<br>• 4800-by-1200-dpi maximum true color resolution | ▸ Although the 520's speed and cheap inks address two small-office needs, its text quality on plain paper falls short of another. |
| 10 |  | HP Photosmart e-All-in-One<br>$100 NEW<br>find.pcworld.com/70479 | ★★★☆☆<br>GOOD | • Text quality: Very Good<br>• Graphics quality: Very Good<br>• Tested speed (ppm): 5.3 text/ 1.8 graphics | • USB, wireless connectivity<br>• 80-sheet input, manual duplexing<br>• 4800-by-1200-dpi maximum true color resolution | ▸ This home unit has good speed and print quality plus fun Web apps, but its pricey inks and skimpy paper handling are disappointing. |

# ပေါ့ပါးသက်သာ Pocket Edition reader

Sony reader Pocket Edition PRS-350SC(ဒေါ်လာ ၈၀) model က ငွေရောင်ဖြစ်ပြီး ၅ လက်မအရွယ်ရှိတဲ့ E-link Pearl display မှာ လက်ချောင်းလေးတွေနဲ့ tap လုပ်နိုင်ဖို့ Sony ရဲ့ optical နည်းပညာကို သုံးထားပါတယ်။

၅.၆ အောင်စလေးပြီး လက်တစ်ဖက်တည်းနဲ့ ကိုင်ဆောင်ရတာ လွယ်ကူပါတယ်။ Display ပိုင်းက တောက်ပပြီး Sony ရဲ့ အရင် touchscreen နည်းပညာထက်ပိုပြီး ကြည်လင်ပြတ်သားတာတွေ့ရပါတယ်။ Contrast ပိုင်းနဲ့ ကြည်လင်မှုပိုင်းမှာ ပိုကောင်းပါတယ်။ ရွေးချယ်မှုတွေလုပ်တဲ့အခါ touch ကို ပေါ့ပေါ့ပါးပါးလေးလုပ်ဖို့ပဲ လိုပါတယ်။ စာရွက်တွေလှန်ဖို့နဲ့ 12 pop up dictionarie ၁၂ ခုထဲက တစ်ခုကိုသုံးဖို့ touch လုပ်ပါ။ Screen ရဲ့အောက်ဘက်မှာ 300m နဲ့ တခြား option တွေအတွက် button တွေပါဝင်ပြီး built in ပုံစံကတော့ ညာဘက်အပေါ်ဘက်မှာ ဖြစ်ပါတယ်။ Micro USB port က တစ်ဆင့် အားသွင်းနိုင်ကာ memory stick နဲ့ SD card တွေအပြင် 2GB storage ရပါတယ်။

Option တွေကနေ contrast နဲ့ brightness တွေကို ချိန်ညှိနိုင်တာက မြင်ဖူးခဲ့သမျှ e-reader တွေထဲမှာ ပထမဆုံးပဲဖြစ်ပါတယ်။ စာလုံးအရွယ်အစားကိုလည်း XS ကနေ XXL အထိ ၆ မျိုးရွေးချယ်နိုင်ပါတယ်။ အကြီးမားဆုံး အားနည်းချက်တစ်ခုကတော့ 3G နဲ့ WiFi နည်းပညာမပါတာပါပဲ။



ဒီ Pocket Edition နဲ့ touch navigate လုပ်ရတာက သဘာဝကျလှပါတယ်

နောက်ဆုံးထုတ် Amazon Kindle မှာ WiFi နဲ့ 3G ပါပြီး ဒေါ်လာ ၁၀ ကျော်နဲ့ ရောင်းချပါတယ်။ Screen ကတော့ တစ်လက်မ ပိုပါတယ်။ Highly portable reader Pocket Edition ရဲ့ တောက်ပတဲ့ design အတွက် ကတော့ ဈေးပိုရနိုင်ပါတယ်။ Aluratek နဲ့ Book-een လို နာမည်မကြီးတဲ့ maker တွေဆီက model တွေမှာပါဝင်တဲ့ ၅ လက်မ screen ရှိတဲ့ e-reader set တွေကြားထဲမှာ Sony ဟာ ထိပ်ပိုင်းက ဦးဆောင်နေပါတယ်။ Paperback size နဲ့ e-reader ကို လိုချင်တယ်ဆိုရင်တော့ Sony reader Pocket Edition က အကောင်းဆုံးပဲဖြစ်ပါတယ်။

# Windows user တွေအတွက် Envy 17 - Mac Envy

Power brick မပါဘဲ ၈ ပေါင်လေးတဲ့ HP ရဲ့ Envy 17 ဟာ တစ်လက်မထက် အနည်းငယ်ပဲထူပြီး media စွမ်းဆောင်မှုတွေ လုပ်ဆောင်နိုင်ပါတယ်။ စမ်းသပ်ခဲ့တဲ့ unit မှာ 1.6GHz Intel core i7 - 720QM CPU ပါပြီး turbo boost frequency က 2.8 GHz ရှိပါတယ်။ RAM 8GB DDR3 1066 ဖြစ်ပြီး၊ Bluray drive နဲ့ AMD Mobility Radeon HD 5850 (video memory 1GB) ပါဝင်ပါတယ်။ ဒီ system ရဲ့ ဈေးနှုန်းကတော့ ၁,၈၂၅ ဒေါ်လာ ဖြစ်ပြီး အခြေခံ configuration နဲ့ဆိုရင် ဒေါ်လာ ၁,၄၀၀ ကနေ စပါတယ်။

WorldBench 6 မှာ ၈၆ ရထားပြီး သူတို့ရဲ့ စွမ်းဆောင်ရည်ကတော့ desktop အစားထိုးဖို့အတွက် ပျမ်းမျှပဲဖြစ်ပါတယ်။ Game test တွေမှာ ကောင်းကောင်းအလုပ်လုပ်နိုင်ပါတယ်။ Graphic setting တွေပြုလုပ်နိုင်ပြီး frame rate ကောင်းမွန်ကာ image quality ကောင်းကောင်းကို တွေ့နိုင်ပါတယ်။

HP ရဲ့ ပါးလွှာတောက်ပြောင်တဲ့ Envy 17 က ရုပ်ရှင်တွေနဲ့ video တွေကို playback လုပ်တဲ့နေရာမှာ အကောင်းဆုံးပါပဲ



သုံးပြီးတဲ့နောက် စပြီးမကြိုက်တာကတော့ ၁၇ လက်မ နဲ့ 1080p ပြောင်ချောချော screen ဖြစ်ပါတယ်။ Game တွေ နဲ့ movie တွေမှာ အရောင်အနေအထားက ကြည့်ကောင်းပါ တယ်။ Video playback က အကောင်းဆုံးပါ။ ညာဘက်မှာ USB 2.0 port ၂ ခုနဲ့ five in one flash card reader ပါဝင်ပါ တယ်။ ဘယ်ဘက်အခြမ်းမှာကတော့ USB 3.0 port နဲ့ USB/ eSATA port တွေ ပါရှိပါတယ်။ HDMI နဲ့ mini display port output တွေလည်း ပါဝင်ပါတယ်။ Keyboard ခံစားမှုကတော့ တော်တော်ကောင်းပေမယ့် touchpad ကတော့ နည်းနည်း ပူပန်စရာလေးတွေ ရှိပုံပေါ်ပါတယ်။

နောက်ထပ်သတိထားစရာကတော့ heat ပါ။ Game test လုပ်တဲ့အခါမှာ fan ကနေ သိသိသာသာ အသံကျယ်ထွက် လာပါတယ်။ Keyboard ရဲ့ မျက်နှာပြင်အပေါ်မှာ တဖြည်း ဖြည်း ပူနွေးလာပါတယ်။ အရမ်းတော့ပူမလာပေမယ့် နေရာ ကျဉ်းကျဉ်းထဲမှာ အပူတွေအရမ်းလွှတ်ထုတ်နေတယ်ဆို တာ ကတော့ ထင်ရှားပါတယ်။ ဒါဟာ high performance system တွေကို compact package ဖြစ်အောင်လုပ်တဲ့အခါမှာ တွေ့ရတဲ့ အားနည်းချက်တွေ ဖြစ်ပါတယ်။ ■

# အသုံးဝင်တဲ့ဖြည့်စွက်ချက်တွေနဲ့ Adobe ရဲ့ Elements App

Photoshop element တွေနဲ့ premier element တွေကို Adobe ရဲ့ consumer image နဲ့ video editor တွေဟာ သူတို့ရဲ့ ၉ ကြိမ်မြောက် version မှာ အသေးစား ပြောင်းလဲမှုတွေ လုပ်ထားပါတယ်။




Premiere Elements 9 ရဲ့ ကြည့်ကောင်းပြီး အထင်ကြီးစေလောက်တဲ့ menu နဲ့ HD web DVD တွေ ဖန်တီးရတာ ရိုးရှင်းလှပါတယ်

Adobe က တစ်ခုချင်းစီအတွက် ဒေါ်လာ ၁၄၀ တန် edition တွေပေးထားပြီး app တွေနဲ့ တွဲပါတဲ့ inspiration browser မှာ how-tos နဲ့ extras ကိုပိုပြီး access လုပ်နိုင်ပြီး 20GB online storage ပေးထားပါတယ်။ ဒါပေမဲ့ Photoshop.com ပေါ် မှာ 20 GB storage space ဟာ တစ်နှစ်ကို ဒေါ်လာ ၂၀ ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့် inspiration browser content ကို locked လုပ်ထားရင် ဒေါ်လာ ၂၀ အတွက် စိတ် မရှုပ်ရတော့ပါဘူး။ ကုမ္ပဏီရဲ့ dual app bundle ရဲ့ ဈေးနှုန်း ကတော့ ဒေါ်လာ ၁၅၀ အတွက် element program ၂ ခုစလုံး ရနိုင်ပါတယ်။Standard app ၂ ခုကို တစ်ခုချင်းစီဝယ်မယ်ဆိုရင် တော့ ဒေါ်လာ ၅၀ လျှော့ပါတယ်။

## တိုးချဲ့ထားတဲ့ feature တွေ

Photoshop Element 9 (ဒေါ်လာ ၁၀၀) ရဲ့ Guided Editing mode မှာ effect အသစ်တွေ ထည့်ပေးထားပါတယ်။ Know-how ရှိတယ်ဆိုရင် အဆင့်ဆင့်မလိုဘဲနဲ့ အားလုံးကို ဆွဲယူနိုင်ပါတယ်။ 'Perfect Portrait' feature အသစ်ဟာ red eye removal လိုမျိုး အမျိုးမျိုးသော editing tool တွေက တစ်ဆင့် လုပ်နိုင်ပါတယ်။

Photobook လို project တွေ လုပ်ဖို့အတွက်လည်း ရွေးချယ်စရာတွေ ရှိပါတယ်။ ကိုယ့်ဘာသာ print ထုတ်နိုင် ဖို့၊ Kodak picture gallery နဲ့ Shutterfly မှာ upload တင်နိုင်ဖို့ စွဲမက်ဖွယ် layout တွေမှာ ပုံတွေကို Photoshop Element က အစီအစဉ်တွေ ချပေးနိုင်ပါတယ်။ Layout နဲ့ အမျိုးမျိုး ပြုလုပ် နိုင်ပါတယ်။ အဲဒီလိုလုပ်ဖို့ button ကို click နှိပ်ပြီး advanced mode ကို ဖွင့်ထားပါ ဒါဆိုရင် ဘယ် tool တွေနဲ့မဆို edit တွေ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ program က layer တွေ အများ ကြီး ခွဲပေးတဲ့အတွက် လုပ်ရတာအမြဲတော့ မလွယ်ကူပါဘူး။

Premier Element 9 (ဒေါ်လာ ၁၀၀) feature အသစ်ဟာ DVD like menu ပါဝင်တဲ့ high quality online movie ၊ web DVD တွေ ဖန်တီးနိုင်စွမ်းရှိပါတယ်။ Web DVD တွေမှာ ပုံမှန် video တွေထက် အားသာချက်တွေရှိပါတယ်။ ဖွင့်လိုက်တဲ့ interface မြင်ကွင်းနဲ့ အသံတွေဟာခမ်းနားနေပြီး viewer တွေကလည်း chapter print တွေကို အမြန် forward




Plus edition အတွက် ကိုယ်က ပိုက်ဆံမသွင်းသေးရင် how-tos နဲ့ creative extras ဆိုတဲ့ element တွေက lock ဖြစ်နေမှာပါ

လုပ်နိုင်ပါတယ်။ ကိုယ့်ရဲ့ video ဟာ high definition လည်း ဖြစ်နိုင်ပါတယ်။

Premiere Element ဟာ audio ပိုင်းအတွက် fixe တွေ အများကြီး လုပ်ထားပါတယ်။ Default အခြေအနေမှာ hum၊ pop နဲ့ hiss တွေကို နှိမ့်ထားသလို audio ရဲ့ ကြည်လင်မှု ကိုလည်း လျော့ကျစေပါတယ်။ ဒါပေမဲ့ မှန်ကန်တဲ့ effect ကို ရွေးချင်တယ်ဆိုရင် Audio Polish သုံးပြီး ဖန်တီးနိုင်ပါတယ်။ Setting တွေ ချိန်ညှိလိုက်မယ်ဆိုရင် audio quality ကောင်းကောင်း ရနိုင်ပါတယ်။

## ပုံစံအဟောင်းနဲ့ Organizer

Elements program ၂ ခု စလုံးအတွက် Adobe ရဲ့ organizer ဟာ သီးခြား old fashioned app အနေနဲ့ ကျန်ခဲ့ပါတယ်။ ဥပမာ organizer ထဲမှာ ဓာတ်ပုံတွေကို edit လုပ်ဖို့ဆိုရင် image ကို ရွေး၊ 'Fix' tab ကိုနှိပ်ကာ Editing mode ကို ရွေးပြီးတော့ editor တက်လာတာကို စောင့်ရပါတယ်။ ကိုယ့်ရဲ့ taskbar မှာ organizer နဲ့ editor ၂ ခု အတွက် icon ၂ ခု ပေါ်လာပါလိမ့်မယ်။ App ရဲ့ interface အပိုင်းက အရမ်းရိုးရှင်းပါတယ်။

Element program တစ်ခုစီဟာ စွမ်းရည်ပြည့်ဝပြီး ပြည့်စုံတဲ့ package ဖြစ်ပါတယ်။ ဒါပေမဲ့ Adobe ဟာ သူတို့ရဲ့ organizer ကို ပြန်စဉ်းစားသင့်တယ်လို့ ထင်ပါတယ်။ ဘယ် app က ဘာတွေလုပ်လဲ ဆိုတာကြိုးစားပြီး ပြန်စဉ်းစားရတာ ခက်ခဲတာကြောင့် ဖြစ်ပါတယ်။ ■

# နှိုးစက်နာရီထက် ပိုအလုပ်လုပ်ပေးနိုင်တဲ့ Sony Dash

တောက်ပတဲ့ design နဲ့ widgest တွေပါဝင်တဲ့ ဒေါ်လာ ၁၈၀ တန် Sony Dash HD C10 ရဲ့ ၇ လက်မအရွယ်အစားရှိတဲ့ touchscreen မှာ internet ကနေ အကောင်းဆုံး hit တွေ ရနိုင်ပါတယ်။

7.5 x 5.5 လက်မရှိပြီး 2.4 base ရှိပါတယ်။ ၁.၂ ပေါင် လေးပါတယ်။ 800 x 480 display ဟာ တောက်ပပေမယ့် iPhone ၊ iPad တွေမှာလောက် touchscreen ရဲ့ response က မမြန်ပါဘူး။ Download တွေလုပ်တဲ့အခါမှာ ပုံတွေ၊ headline တွေ ၊ facebook နဲ့ twitter feed တွေဟာ ပေါ်ဖို့ နည်းနည်းကြာပြီး video တွေကလည်း နှေးနှေးပဲတက်လာပါတယ်။ Video တွေ စတက်လာပြီဆိုတာနဲ့ home network ဆီကို ချောချောမွေ့မွေ့ရောက်ပါတယ်။ Audio ပိုင်းကတော့ ပိုကောင်းဖို့လိုပါတယ်။




Dash က ထောင်ပေါင်းများစွာသော site တွေနဲ့ service တွေကို ပေးစွမ်းနိုင်ပါတယ်။

Dash ဟာ preset app တွေမှာ default လုပ်ထားပါပြီး theme နဲ့ app button ကနေ layout တွေနဲ့ channel တွေကို access လုပ်နိုင်ပါတယ်။ App view theme တွေကို switch လုပ်ပြီး Sony ရဲ့ preset တွေကို ဖယ်ရှားနိုင်တဲ့အပြင် channel တွေကိုလည်း ဖန်တီးနိုင်ပါတယ်။ New တွေ၊ social network၊ photo site နဲ့ game တွေကို အလွယ်တကူ setup လုပ်နိုင်ပါတယ်။

လိုအပ်တဲ့အခါမှာ keyboard က pop up အနေနဲ့ ပေါ်လာမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ button တွေက အမြဲတမ်းတော့ respond မကောင်းပါဘူး။ ကြိုရေးထားတဲ့ စာမဟုတ်ရင် စာရိုက်တဲ့အခါ နည်းနည်းကြာနိုင်ပါတယ်။ ဒါပေမဲ့လည်း အလုပ်တွေကိုတော့ ပြီးမြောက်အောင် ကောင်းကောင်းလုပ်နိုင်ပါတယ်။ ■

# ထောင့်တွေပြင်လိုက်တဲ့ Samsung Q430

Samsung Q430 ဟာ work နဲ့ play ၂ ခု ပေါင်းထားတာဖြစ်ပြီး အရောင်မှိန်တဲ့ screen နဲ့ ထောင့်တွေကို ဖြတ်ထားပါတယ်။ ဝယ်ယူဖို့အကောင်းဆုံးဖြစ်တဲ့ Q 430 ဟာ ဒေါ်လာ ၈၃၀ ကုန်ကျပြီး component တွေ အများဆုံးပါအောင် ထည့်ထားပါတယ်။ 2.4 GHz Intel core i5 CPU ၊ 4GB RAM ၊ nVidia GeForce 310 M graphic နဲ့ 500 GB hard disk စတာတွေပါဝင်ပြီး world bench 6 စမ်းသပ်မှုမှာ 108 ရထားပါတယ်။

Q 430 ဟာ product software တွေကစလို့ game တွေအထိ run နိုင်ပြီး multiple task တွေ အဆင်ပြေပြေလုပ်နိုင်ပါတယ်။ Battery သက်တမ်းကတော့ ၄ နာရီနဲ့ ၁၆ မိနစ် run နိုင်ပါတယ်။ Laptop ရဲ့ input device တွေဟာ ခွဲခြားမပြထားပါဘူး။ Keyboard ကတော့ ကောင်းကောင်းအလုပ်လုပ်ပေမယ့် touchpad ကတော့ လက်ဝါးတင်တဲ့နေရာနဲ့ နည်းနည်းဝေးနေတယ်လို့ ခံစားရပါတယ်။ ပိုဆိုးတာကတော့ သူတို့ရဲ့အစွန်းဘက်တွေကနေ လက်ချောင်းထိပ်တွေ မရွှေ့နိုင်တာပဲဖြစ်ပါတယ်။

ပြောင်လက်နေတဲ့ ၁၄ လက်မ display ဟာ 1366 x 768 pixels ရှိပေမယ့် အရောင်ပိုင်းမှာ လိုတာထက်ပိုသုံးထားပါတယ်။ Brightness ကို maximum ထိ တိုးရပါလိမ့်မယ်။ Laptop အနေနဲ့ဆိုရင်တော့ audio ပိုင်းကကောင်းပေမယ့် ထူးထူးခြားခြားကြီးတော့ မဟုတ်ပါဘူး။ Music နဲ့ dialogue ပိုင်းမှာ high tone တွေ ပိုကောင်းပါတယ်။



Q430 က အထွေထွေ အသုံးပြုမှုတွေအတွက် ကောင်းမွန်တဲ့ အလယ်အလတ်တန်းစား laptop တစ်ခု ဖြစ်ပါတယ်။

USB 2.0 ports သုံးခု၊ HDMI ၊ VGA ၊ audio in and out ၊ webcam နဲ့ flash card reader အပြင် 802.11 b/g/n တွေပါဝင်ပါတယ်။ 100Base Tethernet port ဖြစ်ပေမယ့် gigabit ethernet အတွက် ဘာမှပေးမထားပါဘူး။ အပိုပါဝင်တဲ့ software တွေထဲမှာ Cyberlink DVD suite ကတော့ built in DVD burner နဲ့ သုံးနိုင်ပါတယ်။ Launch လုပ်တဲ့အခါတိုင်းမှာ pop up တက်လာတဲ့ best buy software app ကို သဘောမကျပါဘူး။ Google toolbar နဲ့ တခြားမလိုအပ်တဲ့အရာတွေလည်း ပါနေတာတွေ့ရပါတယ်။ ■

စောကလျာအေး

# Disc Burning ပါတဲ့ Cyberlink Power2Go 7

Cyberlink Power2Go 7 Deluxe ဟာ ဒေါ်လာ ၅၀ တန် disc burning suite တစ်ခုဖြစ်ပြီး PCWrold task တွေတိုင်းမှာ ကောင်းကောင်း စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ bug တစ်ခုတော့ရှာတွေ့ခဲ့တဲ့အပြင် embedded marketing ကလည်း သိပ်မကောင်းတာတွေ့ရပါတယ်။ Power2Go ဟာ high capacity Bluray disc တွေအပါအဝင် ဘယ် disc မဆိုမှာ data ၊ video ၊ music စတာတွေကို ရေးနိုင်ပြီး audio တွေကိုလည်း rip လုပ်နိုင်ပါတယ်။ High def photo gallery (slide show) disc တွေ ဖန်တီးနိုင်တဲ့အပြင် stand alone audio editor အဖြစ် ဆောင်ရွက်နိုင်တဲ့ feature အသစ်လည်း ထည့်သွင်းထားပါတယ်။ ISO disc image ထဲကနေ file တွေကိုကြည့်နိုင်ခြင်း၊ ဆွဲထုတ်နိုင်ခြင်း စတဲ့စွမ်းရည်တွေလည်း ပါဝင်ပါတယ်။ 128 bit၊ ဒါမှမဟုတ် 256 bit encrypted discs တွေ ဖန်တီးနိုင်ပြီး သုံးရလွယ်ကူတဲ့ desktop widget ဖြစ်ပါတယ်။ ဈေးကြီးတာကို မလိုချင်တဲ့ အသုံးပြုသူတွေအတွက် DVD authoring က စွဲမက်စရာအချက်ဖြစ်ပါတယ်။

Power2Go ရဲ့ feature အဟောင်းတွေအားလုံးဟာ ဖွံ့ဖြိုးနေပေမယ့်လည်း photo gallery app အသစ်ကိုတော့ ဘဝင်မကျပါဘူး။ One menu style one slide transition ဖြစ်ပြီး၊ template တွေမပါဝင်ပါဘူး။ ပိုဆိုးတာကတော့ Cyberlink ရေစာ ဟာ slideshow တိုင်းမှာ သူတို့ရဲ့ logo နဲ့ အတူပါနေတာ ဖြစ်ပါတယ်။ Power2Go 7 ဟာ ကောင်းကောင်းစွမ်းဆောင်နိုင်ပြီး အလားတူ Roxio၊ Nero suite တွေထက် ဈေးပိုချိုပါတယ်။ သူတို့ထက်လည်း option ပိုနည်းပါတယ်။ ဒါပေမဲ့ ကိုယ်လိုအပ်နေတဲ့ suite မျိုး ဖြစ်ပါတယ်။ ■